မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 19 , 2025 Volume 87, Number 12

၁၉.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၂.၈၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၆.၀၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဟိုပုံးမြို့နယ်တွင် နှစ်စဉ်စိုက်ပျိုးရောင်းချသည့် စတော်ဘယ်ရီသီးများ ဈေးကောင်းရရှိ



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဟိုပုံးမြို့နယ်တွင် နှစ်စဉ်စိုက်ပျိုးရောင်းချသည့် စတော်ဘယ်ရီသီးများ ယခုနှစ်တွင်အထွက်နှုန်းကောင်းမွန်ပြီး ယခင်နှစ်ကထက်ဈေးကောင်းပိုမိုရရှိကြောင်း သိရသည်။

စတော်ဘယ်ရီပင်သည် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဟိုပုံးမြို့နယ်တွင်စိုက်ပျိုးမှုများပြားသည်။

ဟိုပုံးမြို့နယ်တွင် စတော်ဘယ်ရီသီးကို နှစ်စဉ်စိုက်ပျိုးရောင်းချလျက်ရှိပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းပိုမိုရရှိသော်လည်း ယခင်နှစ်ကထက် မြေဩဇာနှင့် လုပ်အားခကုန်ကျစရိတ်များ ပိုမိုများပြားကြောင်း ၊စတော်ဘယ်ရီသီးအရောင်အဆင်းမှာ အနီ၊ပန်းရောင်နှင့်အဖြူရောင်များတွေ့ရပြီး အသီးပုံသဏ္ဍာန်မှာ ထုလုံးချွန်ပုံမှဘဲဥပုံအထိ အမျိုးမျိုးစိုက်ပျိုးကြကြောင်း၊ ဟိုပုံးမြို့နယ်မှ စတော်ဘယ်ရီသီးကို ဒီဇင်ဘာလတွင် စတင်ထွက်ရှိပြီး ယခုနှစ်ဖေဖော်ဝါရီလတွင် စတော်ဘယ်ရီသီးများ ပိုမိုထွက်ရှိနေပြီဖြစ်ကြောင်း စတော်ဘယ်ရီစိုက်ပျိုးတောင်သူတစ်ဦးထံက သိရသည်။

စတော်ဘယ်ရီသီးကို သုံးရက်လျှင်တစ်ကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် တစ်ပိဿာသုံးဆယ်ကျပ်သားဝင်သည့် ရေပုံး ၇၀ ကျော်ခူးဆွတ်ရကြောင်း၊စတော်ဘယ်ရီ ၃ ဧကစိုက်ပျိုးထားသည့်တောင်သူထံက သိရသည်။ ယခင်နှစ်တွင် စတော်ဘယ်ရီ စတင်ထွက်ရှိချိန်တွင် တစ်ပိဿာ သုံးဆယ်ကျပ်သားဝင်သည့် ရေပုံးတစ်ပုံးလျှင် ကျပ်တစ်သောင်းမှကျပ်တစ်သောင်းခွဲအထိ စတင်ရောင်းချရပြီး ယခုနှစ်တွင် စတော်ဘယ်ရီတစ်ပုံးလျှင် ကျပ်သုံးသောင်းအထိ ရောင်းချရကြောင်း စတော်ဘယ်ရီစိုက်ပျိုးရောင်းချသူတောင်သူတစ်ဦးထံက သိရသည်။

စတော်ဘယ်ရီပင်ကိုဧပြီလတွင် စတင်ပျိုးထောင်ရပြီးစက်တင်ဘာလ၌စတင်စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး ၃ လ အကြာ ဒီဇင်ဘာလတွင် စတော်ဘယ်ရီသီးစတင်ထွက်ရှိပြီး ဖေဖော်ဝါရီလတွင် စတော်ဘယ်ရီသီးများလှိုင်လှိုင်ထွက်ရှိကြောင်း သိရသည်။

စတော်ဘယ်ရီပင်ကို မိုးဦးကျတွင်စတင်စိုက်ပျိုးထားပြီးပျိုးပင်ပေါက်များကိုဇူလိုင်လမှစ၍စိုက်ပျိုးကြရာစတော်ဘယ်ရီသီးများကို ဒီဇင်ဘာလတွင် ခူးဆွတ်ရသည်။ ဟိုပုံးမြို့နယ်တွင် ထိုင်ဝမ်အပျော့ကောမတ်ခေါ် အမာသီး၊ဂျပန်နှင့်မြန်မာမျိုးစပ်ထားတဲ့ ဂျပန်သီးများကိုစိုက်ပျိုးမှုများပြားကြောင်းနှင့် ယခုနှစ်စတော်ဘယ်ရီစတင်ထွက်ရှိချိန်တွင်ဈေးကောင်းရရှိကာ စတော်ဘယ်ရီသီး စိုက်ပျိုးတောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဆောင်းနှမ်းသီးနှံများ စတင်ရိတ်သိမ်း




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းသီးနှံကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ၁၁၈၆၇ ဧကစိုက်ပျိုးထားရှိရာ စဉ့်ကိုင်မြို့နယ်၌ ၁၀၈၈ ဧကစိုက်ပျိုးထားရှိကြောင်း၊ နှမ်းသီးနှံများကို ဖေဖော်ဝါရီလ ပထမအပတ်မှစတင်၍ ရိတ်သိမ်းလျက်ရှိပြီးစဉ့်ကိုင်မြို့နယ်၌ ၁၀၀၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊တစ်ဧကလျှင် ပျမ်းမျှအထွက် တင်း ၉-၁၀ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ဆောင်းနှမ်းကိုစက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင်ခူးဆွတ်ရကြောင်း၊မျိုးအနေဖြင့် နှမ်းဖြူမျိုးများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀,၀၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြစ်သားမြို့နှင့်ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ယခုနှစ်တွင် နှမ်းဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများအကျိုးအမြတ်ရရှိကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ရွှေတောင်မြို့ရှိ ကြက်ဟင်းခါးသီးစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်



ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ဝါးတောအုပ်စု၊ ဝါလည်ကျေးရွာတွင် ကြက်ဟင်းခါးသီးများ စိုက်ပျိုးထားကြောင်း သိရသည်။ ထိုဒေသတွင် စိုက်ပျိုးထားသော ကြက်ဟင်းခါးသီးမျိုးမှာ ဂုဏ်မာန်မျိုးဖြစ်ပြီး စိုက်ပျိုးသောစင်မှာ အလျား ၁၅တောင်၊ အနံ ၅၀ တောင်ရှိသောစင်ဖြင့် စိုက်ပျိုးကြသည်။

စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်အနေဖြင့် စင်အပါအဝင် စုစုပေါင်း ၂ သိန်းကျပ်ခန့် ကုန်ကျကြောင်းသိရသည်။ ကြက်ဟင်းခါးသီးများ စတင်ထွက်ပေါ်ချိန်တွင် ၃ ရက်လျှင် တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ခါခူးဆွတ်လျှင် အလုံးရေ ၃၀၀ မှ ၅၀၀ ကြားရရှိသည်ဟုသိရပြီး ကြက်ဟင်းခါးသီးရာသီချိန်တွင် အလုံးရေ ၆၀၀၀ ခန့် ခူးဆွတ်၍ ရောင်းချရကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် အထိုင်ဈေးတစ်လုံးလျှင် ၁၃၀- ၁၅၀ ကျပ်ဖြင့်ရောင်းချ၍ ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်အတွင်းနှင့် အနီးအနားရှိ အခြားကျေးရွာများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ကြက်ဟင်းခါးသီးရောင်းရငွေမှာ ၇၈၀,၀၀၀ကျပ်ရရှိပြီး အသားတင်အကျိုးအမြတ်အနေဖြင့် ၅၈၀,၀၀၀ ကျပ်ခန့်ရရှိသော သီးနှံဖြစ်၍ တောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှဝင်ငွေများရရှိအောင် စိုက်ပျိုးသင့်သောသီးနှံဖြစ်သည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၀-၂-၂၀၂၅ မှ ၁၄-၂-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၇၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၇၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၇၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀ ၊မြစ်သားသစ်ရှယ် ကျပ် ၄၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀ နှင့် မြစ်သားလတ်သန့် ကျပ် ၂၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၆၀ စီး (၉၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်ဖြူ (တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄,၅၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ကြက်သွန်ဖြူအိတ် ၂၉၀၀ (၈၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၈၀၀ (၅၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၁၀၀ (၃၃,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၄၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်ကကားစီးရေ ၂၃ စီး(၁၃၈,၀၀၀ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၂၅ စီး (၁၅၀, ၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၀-၂-၂၀၂၅ မှ ၁၄-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၄၀,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၂၅၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၉၄၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၅,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၂၀,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၃၅,၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကွန်တိန်နာ ၉၅ လုံး

(တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့်ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၉,၀၀၀၊ မြားနီကျပ် ၈,၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၃,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၃,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရှောက်သီးများဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ယခင်အပတ်က ရှောက်ရှည်အိတ်ပေါင်း ၄၉၀၀ (၉၈,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၃၉၀ (၅,၈၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ)နှင့် ရှောက်ပုအိတ်ပေါင်း ၅၀၀ (၇,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည်အိတ်ပေါင်း ၄၁၀၀ (၈၂,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၁၀ (၁၆၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၅၀၀၊ မန်ကျည်းအသား(သစ်)ကျပ် ၁၃,၀၀၀ နှင့်မန်ကျည်းသီး (ရမည်းသင်းဒါးဇင်း) ကျပ် ၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၁၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## တရုတ်ဂွေယန်မြို့နှင့်ရန်ကုန်၊ဒါကာတို့ကိုကုန်တင်လေယာဉ်ပျံသန်းပြီ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်၏ မြို့တော် ဂွေယန်မြို့နှင့် မြန်မာနိုင်ငံ၏ရန်ကုန်မြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒါကာမြို့တို့ကို ဆက်သွယ်ထားသည့် နိုင်ငံတကာကုန်စည်တင်လေကြောင်းခရီးစဉ်သစ်နှစ်ခုကို ၁၇-၂-၂၀၂၅ ရက်နေ့က စတင် ဖွင့်လှစ်ခဲ့သည်။

ဂွေယန်၊ လုံ့ဒုန်ဘော်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ စီမံခန့်ခွဲရေးကိုထိန်းချုပ်သော အော်ပရေတာ Guizhou Civil Aviation Industry Group Co., Ltd ၏ အဆိုအရ၊ ထိုခရီးစဉ်များကို Tianjin Air Cargo မှ ဘိုးရင်း ၇၃၇-၈၀၀အက်ဖ် အမျိုးအစား ကုန်တင်လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး အဆိုပါလေယာဉ်များသည် အများဆုံးအလေးချိန် ၂၁ တန် တင်ဆောင်နိုင်မှုရှိပြီးသက်ဆိုင်ရာခရီးစဉ်များကို တစ်ပတ်လျှင်လေးကြိမ်မှငါးကြိမ်အထိ ပျံသန်းပြေးဆွဲ မည် ဖြစ်သည်။

လက်ရှိတွင် ကော်လ်ကတ္တား, ဒေလီ, ကရာချိ နှင့် မော်စကိုမြို့များသို့လည်း ပြေးဆွဲနေသည်။ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် ကဏန်းနှင့်ငါးရှဉ့်များအပါအဝင် ရေထွက်ကုန်ပစ္စည်းများကိုအဓိကပို့ဆောင်ပေးနေပြီး ပြည်ပလေကြောင်းခရီးစဉ်များတွင် ဖက်ရှင်ပစ္စည်းများ၊အထည်အလိပ်၊ ပန်းများ၊ အီလက်ထရွန်နစ်နှင့်စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများကဲ့သို့သော ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်မည်ဖြစ်သည်။

ကုန်သွယ်မှုပိုမိုအဆင်ပြေချောမွေ့စေရန်အတွက်၊ ဂွေယန်လုံ့ဒုန်ဘော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ စည်ပင်အကောက်ခွန်အာဏာပိုင်များသည် သွင်းကုန်နှင့်တင်ပို့သည့်ပို့ကုန် ကုန်ပစ္စည်းနှစ်ခုလုံးအတွက် ၂၄ နာရီပတ်လုံးဖြတ်သွားနိုင်ခွင့်ရရှိရန်ရှင်းလင်းမှုများကို အမြန်လုပ်ဆောင်ပေးသည်။

**Source : ရှင်းဟွာ** https://www.popularmyanmar.com/

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ရောင်းအားကောင်းလာသော ကြက်ဥဈေးကွက်



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လျက်ရှိပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေကြခြင်းများရှိကြောင်းသိရသည်။

ဥစားကြက်မွေးမြူရာတွင် ဥစားကြက်မ အကောင်ရေ ၅၀၀၀ ခန့်ကို ထရံကာကြက်ခြံဆောက်၍ မွေးမြူလုပ်ကိုင်လျက်ရှိပြီး ဥ ဥနှုန်းမှာ နေ့စဉ်အလုံးရေ ၅၀၀၀ ရှိကြောင်း သိရသည်။

ဥစားကြက်မွေးမြူရေးလုပ်ငန်းတွင်ကျယ်လာသလို ကြက်ဥအရောင်းအဝယ်ဈေးကွက်များတွင် ရောင်းအားအလွန်မြင့်တက်ကာ ယခင်နှစ်ထက် ဈေးကောင်းများရရှိခဲ့ပြီး ကြက်ဥအကြီးတစ်လုံးလျှင် ၄၅၀ – ၅၀၀ ကျပ်ထိ ရရှိပြီး ကြက်ဥအသေးတစ်လုံးလျှင် ၃၅၀-၄၀၀ ကျပ်အထိဈေးရရှိကြောင်း ဥစားကြက်မွေးမြူရေးခြံရှင်တစ်ဦးထံက သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## Mazda Motor Corporation က လျှပ်စစ်မော်တော်ကားအချက်အချာဖြစ်ရန် ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံတွင် ဘတ် ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပြောကြားခဲ့

Mazda Motor Corporation က ၎င်း၏ ကျစ်လျစ်သော လျှပ်စစ် Sport Utility Vehicles (SUV) ကို ပြည်တွင်းသုံးရန်နှင့် ပို့ကုန်အတွက်ရည်ရွယ်ထုတ်လုပ်သွားမည်ဖြစ်ရာ ထိုင်းနိုင်ငံကိုထုတ်လုပ်မှုအချက်အချာအဖြစ်မှတ်ယူ၍ ဘတ် ၅ ဘီလီယံရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့်အကြီးတန်းအရာရှိဖြစ်သူ Mr. Masahiro Moro သည် ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ပြီးထိုင်းနိုင်ငံနှင့်ခိုင်မာသော မိတ်ဖက်ဆက်ဆံရေးအတွက် Mazda ၏ ကတိကဝတ်ကိုအတည်ပြုခဲ့ကြောင်း၊ Mazda ၏ ကျစ်လျစ်သော လျှပ်စစ် Sport Utility Vehicles (SUV) တွင်ရင်းနှီးမြှုပ်နှံမှုများသည် လျှပ်စစ်မော်တော်ကားထုတ်လုပ်မှုသို့ တဖြည်းဖြည်းပြောင်းလဲနေခြင်းဖြစ်ကြောင်း၊ ထပ်လောင်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် Mazda သည် ပတ်ဝန်းကျင်သဟဇာတဖြစ်ပြီး နှစ်မျိုးသုံးနည်းပညာ ပါဝင်သည့်ပုံစံ ကမ္ဘာ့စံနှုန်းများနှင့်ကိုက်ညီသည့် ကျစ်လျစ်သောစွမ်းဆောင်ရည်မြင့် SUV ထုတ်လုပ်ရန် ရည်မှန်းထားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်းရောင်းချရန်နှင့် ဂျပန်အပါအဝင်အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အစီးရေ ၁၀၀,၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း Mr. Masahiro Moro က ပြောကြားခဲ့သည်။

Mazda သည် ထိုင်းနိုင်ငံ မော်တော်ကားဈေးကွက်တွင် နှစ်ပေါင်း ၇၀ ကျော်ရပ်တည်လာခဲ့ပြီး ထုတ်လုပ်သည့်စက်ရုံ ၂ ခုရှိပါကြောင်း၊ AutoAlliance သည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ခရီးသည်တင်ယာဉ်နှင့် စီးပွားရေးသုံးမော်တော်ယာဉ်များကို ပြည်တွင်းသုံးနှင့် ပို့ကုန်အတွက် ထုတ်လုပ်ခဲ့ပါကြောင်း၊ Mazda Powertrain Manufacturing Thailand ကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အင်ဂျင်များနှင့် အလိုအလျောက် ထုတ်လွှတ် သည့် စနစ်များကိုထုတ်လုပ်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများသည် မော်တော်ယာဉ် ထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် ဘက်ထရီအပါအဝင် လျှပ်စစ်မော်တော်ကား အဓိကအစိတ်အပိုင်းများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ကာဗွန်ကင်းစင်ရေး မျှော်မှန်းချက်ကိုရောက်ရှိရန် ကာဗွန်ထုတ်လွှတ်မှုလျှော့ချသည့် နည်းလမ်းများစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာဆိုင်ရာဆောင်ရွက်ချက်များတွင် ဒီဇယ်အင်ဂျင်များမှ နှစ်မျိုးသုံးနှင့် ဘက်ထရီလျှပ်စစ်မော်တော်ကားတို့သာမက မော်တော်ယာဉ်များ၏ သက်တမ်းများကိုထုတ်လုပ်မှုဖြန့်ချိမှုနှင့် စွန့်ပစ်မှု စီမံခန့်ခွဲမှုပါ ပါဝင်ကြောင်း Mr. Moro က ဆက်လက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်တွင် တည်ငြိမ်သောတိုးတက်မှုအတွက် အလားအလာများရှိကြောင်း ဗဟိုဘဏ်ပြော

တရုတ်ပြည်သူ့ဘဏ် (People's Bank of China) မှ ထုတ်ပြန်သည့် ၂၀၂၄ ခုနှစ် စတုတ္ထလေးလပတ်ငွေကြေးမူဝါဒအစီရင်ခံစာတွင် တရုတ်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၅ ခုနှစ်တွင် တည်ငြိမ်သော တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည့်လှုံ့ဆော်မှုအစီအမံများသည် ထုတ်လုပ်မှု၊ဝယ်လိုအားနှင့် ဈေးကွက်ဆိုင်ရာအသိအမြင်များ ပြန်လည်အသက်ဝင်လာစေရန် စတင်လုပ်ဆောင်နေပြီဖြစ်သဖြင့်ပြန်လည်ဖွံ့ဖြိုးလာမှုအရှိန်ကိုဆက်လက်ထိန်းထားနိုင်မည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။

ပြည်တွင်းဝယ်လိုအားသည် ထင်ရှားသောရလဒ်များကိုဖော်ဆောင်ပေးသည့် စားသုံးမှုနှင့်ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန်အစီအမံများဖြင့် တိုးတက်မှုအလားအလာကိုပြသနိုင်ခဲ့သည်။ အထူးသဖြင့် အိမ်သုံးပစ္စည်းများအတွက် လက်လီရောင်းချမှုသည် ၂၀၂၄ ခုနှစ်တွင် တစ်နှစ်ထက်တစ်နှစ် ၁၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်သွားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် သင့်တင့်သောအဆင့်တွင်ဈေးနှုန်းတည်ငြိမ်ရေးကိုဦးစားပေးသည့် ပိုမိုတက်ကြွသောဘဏ္ဍာရေးမူဝါဒ (a more proactive fiscal policy) နှင့် အတန်အသင့်လျော့ရဲသော ငွေကြေးမူဝါဒ (moderately loose monetary policy)ကို ချမှတ်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့သည်။

ငွေကြေးအာဏာပိုင်များ (monetary authorities) အနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်ခံနိုင်ရည်အား အားကောင်းလာစေရန် ဈေးကွက်ငွေလဲနှုန်းပြုပြင်ပြောင်းလဲမှုများ (market-driven exchange rate reforms) ကို လေးလေးနက်နက်ဖော်ဆောင်သွားမည်ဖြစ်ပြီးယွမ်ငွေကြေးမျှခြေအဆင့်(an equilibrium level) တွင် တည်ငြိမ်နေစေရန်အတွက် နယ်စပ်ဖြတ်ကျော်အရင်းအနှီးစီးဆင်းမှုကိုစောင့်ကြည့်ခြင်း (cross-border capital flow monitoring) ကိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတွင် ယွမ်ငွေကို ကမ္ဘာလုံးဆိုင်ရာအသုံးပြုမှုတိုးတက်စေရန် စီမံချက်များနှင့်အတူ အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် စံနှုန်းမြင့်သော ငွေကြေးဈေးကွက်ဖွင့်လှစ်မှုကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ပြီးနိုင်ငံတကာငွေကြေးပူးပေါင်းဆောင်ရွက်မှုများကိုနက်ရှိုင်းစွာတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားခဲ့သည်။

**Source :** http://en.people.cn/n3/2025/0214/c90000-20276702.html

**စီးပွားရေးသံမှူး၊ ကူမင်းမြို့။**

https://myantrade.gov.mm/

## ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးပို့ကုန်နိုင်ငံအဖြစ် အမေရိကန်နိုင်ငံ ဆက်လက်တည်ရှိ




ကမ္ဘောဒီးယားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၈၇၀ သန်းနီးပါးမြင့်တက်လာပြီး ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ အကောက်ခွန်နှင့်ကုန်စည်စီးဆင်းမှုအထွေထွေဦးစီးဌာန၏အစီရင်ခံစာအရ သိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်အများဆုံးနေရာအဖြစ် ဆက်လက်ရပ်တည်နေပြီး ဗီယက်နမ်(ကန်ဒေါ်လာ ၂၇၈ သန်း)၊ ဂျပန်(ကန်ဒေါ်လာ ၁၅၁ သန်း) ကနေဒါ (ကန်ဒေါ်လာ ၁၀၉ သန်း)၊ စပိန်(ကန်ဒေါ်လာ ၁၀၃ သန်း)နှင့် တရုတ်(ကန်ဒေါ်လာ ၁၀၃ သန်း)တို့အသီးသီး ရပ်တည်နေခဲ့ကြသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့အကြားနှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၉၂ သန်း အထိရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၈ ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံ၏ သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂၃ သန်းခန့်ရှိခဲ့ပြီး ၃၇ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (19.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,698 (Shares) | 11,443,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,300 | 397 | 2,933,100 | 33,109,694 | 248,323 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,870 | 5,522,550 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 9 | 71,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 110 | 203,500 | 29,664,613 | 54,880 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,000 | 1,625,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 120 | 475,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 192 | 612,900 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.75 | +1.27 | +0.35% | 364.23 | 366.75 | 361.30 | 3,698 | 11,443,150 | 8 | 691,757 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Feb, 2025

| Trading Volume | Trading Value |
|---|---|
| 3,713 (Shares) | 11,488,150 (MMK) |

## Main Board

As of 1:00 pm, 18th Feb, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,698 (Shares) | 11,443,150 (MMK) |

| MYANPIX | 366.75 ▲ 1.27 |
|---|---|
| Total Volume (shares) | 3,698 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,757 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR